အို- အမျိုးသမီးအပေါင်းတို့၊ အသင်မတို့
စွဒ်ကဟ်အလှူဒါပြုကြလော့။ အဘယ်ကြောင့်ဆိုသော်
ငရဲသားများအနက်အများစုဟာ အသင်မတို့
အမျိုးသမီးများဖြစ်နေကြောင်း ငါကိုယ်တော်ဟာ
ပြသတော်မူခြင်းခံရသည်။ ထိုအခါ သူမတို့က "အို-
အလ္လာဟ်အရှင်မြတ်၏ တမန်တော်၊ အဘယ်ကြောင့်နည်း" ဟုလျှောက်ထားကြသည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) က မိန့်တော်မူသည်မှာ
"အသင်မတို့သည် ကျိန်ဆဲခြင်းကို
များစွာပြုလေ့ရှိကြပြီး မိမိတို့၏ ခင်ပွန်းကိုလည်း
ကျေးဇူးကန်းကြလေသည်။ ထို့ပြင် ငါကိုယ်တော်သည်
တစ်ဦးတစ်ယောက်ကို အသိဉာဏ်နှင့် ဒီန်သာသနာ၌
လျော့နည်းချို့တဲ့ပါလျက်နှင့် ခိုင်မာပြတ်သားစွာ
ဆုံးဖြတ်ချက်ချနိုင်သည့် အမျိုးသားတစ်ဦး၏ အသိဉာဏ်ကိုအသင်မတို့ထက်ပို၍ ဖျက်ဆီးစေနိုင်သူကိုတွေ့မြင်တော်မမူခဲ့‌ပေ

အဗူစအီဒ် အလ်ခွဒ်ရီ (ရဿွိယလ္လာဟုအန်ဟု) ထံမှ ဆင့်ပြန်လာရှိသည်။ သူက ပြောပြသည်မှာ:
အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် အီဒွလ်အဿ်ွဟာ
သို့မဟုတ် အီဒွလ်ဖိတ်ရ်နေ့တွင် အိဒ်ဂါဟ်သို့ ကြွမြန်းသွားတော်မူခဲ့သည်။ (အီးဒ်စွလာသ်နှင့်ခွသ်ဗဟ်ပြီးနောက်) အမျိုးသမီးများအနီးမှ
ဖြတ်သွား‌တော်မူသည့်အခါ ကိုယ်‌တော်ကမိန့်ကြားတော်မူသည်မှာ- "အို-
အမျိုးသမီးအပေါင်းတို့၊ အသင်မတို့ စွဒ်ကဟ်အလှူဒါပြုကြလော့။ အဘယ်ကြောင့်ဆိုသော်ငရဲသားများအနက်အများစုဟာ အသင်မတို့ အမျိုးသမီးများဖြစ်နေကြောင်း ငါကိုယ်တော်ဟာပြသတော်မူခြင်းခံရသည်။ ထိုအခါ သူမတို့က "အို-အလ္လာဟ်အရှင်မြတ်၏ တမန်တော်၊အဘယ်ကြောင့်နည်း" ဟု လျှောက်ထားကြသည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) က မိန့်တော်မူသည်မှာ "အသင်မတို့သည်
ကျိန်ဆဲခြင်းကို များစွာပြုလေ့ရှိကြပြီး မိမိတို့၏ ခင်ပွန်းကိုလည်း
ကျေးဇူးကန်းကြလေသည်။ ထို့ပြင် ငါကိုယ်တော်သည် တစ်ဦးတစ်ယောက်ကို အသိဉာဏ်နှင့်ဒီန်သာသနာ၌ လျော့နည်းချို့တဲ့ပါလျက်နှင့် ခိုင်မာပြတ်သားစွာ

[صحيح] [متفق عليه]

မပြုလုပ်နိုင်ခြင်းကြောင့် အမျိုးသမီးများသည် ပြစ်တင်ပြောဆိုခြင်းခံရမည်မဟုတ်သလို၊ အရေးယူခြင်းခံရမည်လည်း မဟုတ်‌ ပေ။ အဘယ့်ကြောင့်ဆိုသော် ယင်းသည်ဖန်ဆင်းခြင်းသဘာဝအရဖြစ်သောကြောင့်တည်း။ အလားတူပင် လူသားသည် ငွေကြေးကိုချစ်ခင်တွယ်တာခြင်း၊ အရေးကိစ္စများတွင် အလျင်စလိုဖြစ်ခြင်း၊ အသိပညာကင်းမဲ့ခြင်းစသည်တို့ဖြင့် ဖန်ဆင်းခြင်းခံရသည်။ သို့ရာတွင် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် အမျိုးသမီးများ၏ ဖြား ယောင်းသွေး ဆောင်မှုသို့မကျရောက်စေရန်သတိပေးတားမြစ်သည့်အနေဖြင့်ထိုအကြောင်းကိုသတိပေးခဲ့ခြင်းဖြစ်သည်။

https://sunnah.global/hadeeth/my/show/10011